**ချင်းရေးရာ ဝန်ကြီးဌာန**

**အရပ်ရပ်စီရင်အုပ်ချုပ်မှုဌာနခွဲ (၂)**

**(ချင်းဝိသေသတိုင်းဝန်ထမ်း (အကြီးတန်း) အဖွဲ့ နည်းဥပဒေများ)**

**အမှတ် ၁၅**

**ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ တပေါင်းလပြည့်ကျော် ၁၀ ရက်။**

**(၁၉၆၁ ခု၊ မတ်လ ၁၀ ရက်။ )**

အမှတ် ၁၅။ ။ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၇၊ ပုဒ်မခွဲ(၃)အရ၊ ချင်းရေးရာဝန်ကြီးသည်၊ အောက်ပါချင်းဝိသေသတိုင်းဝန်ထမ်း(အကြီးတန်း) အဖွဲ့ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

**ချင်းဝိသေသတိုင်းဝန်ထမ်း (အကြီးတန်း) အဖွဲ့ နည်းဥပဒေများ**

**အပိုင်း ၁**

**ရာထူးခန့်ထားရေး**

၁။ ။ ဤနည်းဥပဒေများကို **၁၉၆၁ ခုနှစ်၊ ချင်းဝိသေသတိုင်းဝန်ထမ်း(အကြီးတန်း) အဖွဲ့ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် "ဝန်ထမ်းအဖွဲ့" ဟု ရည်ညွှန်းသည့် ချင်းဝိသေသတိုင်းဝန်ထမ်း(အကြီးတန်း) အဖွဲ့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍-

(က) စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်း၊ သို့တည်းမဟုတ် အပြိုင်အဆိုင် ရွေးချယ်ခြင်းစံနစ်ဖြင့်၎င်း၊

(ခ) ချင်းဝိသေသ တိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင်အရာရှိများအား၊ အချင်းချင်း အပြိုင် စာမေးပွဲ ဖြင့် ဤကိစ္စအလို့ငှါ ဖွဲ့စည်းထားသော ရာထူးတိုးတက်ပေးရေးအဖွဲ့က စစ်ဆေးစေ၍၊ အဆိုပါအဖွဲ့ ၏ ထောက်ခံချက်ပေါ်မူတည်လျက် ရာထူးတိုးမြှင့်ပေးခြင်းဖြင့်၎င်း ခန့်ထားရမည်။

၃။ ။ သာမန်အားဖြင့် ဝန်ထမ်းအဖွဲ့တွင် လစ်လပ်သောရာထူးများအနက်၊ ထက်ဝက်ကို စာမေးပွဲယှဉ်ပြိုင် ဖြေဆိုခြင်းဖြင့် ခန့်အပ်၍ ကျန်ထက်ဝက်ကို ချင်းဝိသေသတိုင်းဝန်ထမ်း(အငယ်တန်း) အဖွဲ့ဝင်အရာရှိ များအချင်းချင်း၊ အရည်အချင်းစစ်စာမေးပွဲဖြင့် ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ခန့်အပ်နိုင်သည်။ စာမေးပွဲယှဉ် ပြိုင်ဖြေဆိုခြင်း စံနစ်ဖြင့်ခန့်အပ်ရန် အရည်အချင်းနှင့် ပြည်စုံသောသူများ လုံလောက်စွာ မရရှိလျှင်ချင်း ရေးရာဝန်ကြီးသည်၊ ထိုသို့ခန့်ထားရန် လစ်လပ်သော ကျန်ရာထူး များကို ချင်းဝိသေသ တိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင် အရာရှိများအား၊ အချင်းချင်း အရည်အချင်းစစ် စာမေးပွဲဖြင့် ရာထူးတိုးမြှင့် ခန့်အပ်နိုင်သည်။ အကယ်၍၊ ချင်းဝိသေသ တိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင် အရာရှိများအား၊ အချင်းချင်းအရည်အချင်းစစ်အပြိုင် စာမေးပွဲဖြင့် ရာထူးတိုးမြှင့်ပေးရန် သင့်လျော်သူ မရရှိပါက၊ ချင်းရေးရာဝန်ကြီးသည်၊ ထိုသို့ ရာထူးတိုးမြှင့်ခန့်ထားရန် လစ်လပ်သောကျန်ရာထူးများကို သာမန်အားဖြင့် စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်း ဖြင့် ပြင်ပသူများအား ဖြည့်စွက်ခန့်ထားနိုင်သည်။

Myanmar Law Information System (MLIS)

၄။ ။ နည်းဥပဒေ ၂၊ အပိုဒ်(က)အရ ရာထူးခန့် ထားခြင်းခံလိုသူသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဂ) မြန်မာစာကို ကောင်းမွန်စွာ တတ်ကျွမ်းရမည်။

(ဃ) စာမေးပွဲဖြေဆိုသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁နှစ်ပြည့်ပြီးဖြစ်၍၊ ၂၇ နှစ်ထက် မ ကျော်လွန်စေရ။ သို့ရာတွင် ထိုသူသည်၊ အစိုးရအမှုထမ်းဖြစ်လျှင် စာမေးပွဲဖြေဆိုသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၁ နှစ်ပြည့်ပြီးဖြစ်၍၊ အသက် ၃၅ နှစ်ထက် မကျော်လွန်စေရ။

(င) ရန်ကုန်တက္ကသိုလ်မှဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက အသိအမှတ်ပြုသော အခြား တက္ကသိုလ်မှဖြစ်စေ၊ ဝိဇ္ဇာ၊ သို့တည်းမဟုတ် သိပ္ပံဒီဂရီဘွဲ့ ရသူဖြစ်စေရမည်။

(စ) ရာထူးခန့်ထားရန်အတွက် ကျန်းမာခြင်းနှင့် ညီညွတ်သည်ဟု သတ်မှတ်ထားသည့် ပုံစံဖြင့် ခရိုင် ဆရာဝန်ကြီး၏ ထောက်ခံခြင်း ခံရသူဖြစ်ရမည်။

၅။ ။ နည်းဥပဒေ ၂၊ အပိုဒ် (ခ)အရ၊ ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ခန့်ထားခြင်းခံရသူသည်-

(က) ချင်းဝိသေသတိုင်းဝန်ထမ်း(အငယ်တန်း) အဖွဲ့တွင် အမြဲတန်းခန့်ထားခြင်း ခံရသူဖြစ်ပြီးလျှင် အ နည်းဆုံးသုံးနှစ်မျှ ထိုရာထူးတွင် အဆက်မပြတ်ထမ်းရွက်ခဲ့သူ ဖြစ်ရမည်။

(ခ) မိမိ၏ အထက်အရာရှိများက ဝန်ထမ်းအဖွဲ့သို့ ရာထူးတိုးမြှင့်ပေးရန် သင့်လျော်ကြောင်း ထောက်ခံထားခြင်း ခံရသူဖြစ်ရမည်။

## အပိုင်း ၂

## အမှုထမ်းစည်းကမ်းများ

၆။ ။ နည်းဥပဒေ ၂၊ အပိုဒ် (က)အရ ခန့်ထားခြင်းခံရသူ အသီးသီးကို၊ ယေဘုယျအားဖြင့် ရှေးဦးစွာ အ စမ်းခန့်ထား၍၊ ထိုသူသည်-

(က) အစမ်းခန့်ကာလ ၂နှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးလျှင်၄င်း၊

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် စာတွေ့နှင့် လက်တွေ့သင်တန်းကို ကြေနပ်ဘွယ် ဖြစ်လောက် အောင် ပြီးဆုံးသည်အထိ မတက်ရောက်ရသေးလျှင်၄င်း၊

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် ဌာနဆိုင်ရာ စာမေးပွဲများကို မအောင်မြင်သေးလျှင်၄င်း၊

(ဃ) မြေတိုင်းနှင့် မြေစာရင်းဘက်ဆိုင်ရာ စာမေးပွဲကို မအောင်မြင်သေးလျှင်၊ သို့တည်းမဟုတ် ထိုစာ မေးပွဲကို ဖြေဆိုရခြင်းမှ ကင်းလွတ်ခွင့်မရရှိလျှင်၄င်း၊

(င) လုပ်ရည်ကိုင်ရည်၊ အရည်အချင်း၊ အပြုအမူ၊ အကျင့်စာရိတ္တအစရှိသည့် အချက်တို့ကို အထောက်အ ထားပြု၍၊ မိမိအား အထက်အရာရှိများက အမြဲတန်းခန့်အပ်ရန် သင့်လျော်ကြောင်းဖြင့် အစီရင်မခံထား သေးလျှင်၄င်းထိုသူကိုရာထူးတွင် အမြဲတန်းမခန့်ထားရ။

၇။ ။ ချင်းရေးရာဝန်ကြီးသည်၊ အစမ်းခန့်ထားခြင်းခံရသူတဦးအား မည်သည့်အချိန်၌မဆို ရာထူးမှရပ်စဲ စေနိုင်သည်၊ သို့တည်းမဟုတ် ထိုသူလက်ရှိထားခွင့်ရသောရာထူးတွင် ပြန်လည်ထမ်းရွက်စေနိုင်သည်။ ဤအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ နည်းဥပဒေ ၂၊ အပိုဒ်(က)အရ ခန့်ထားခြင်းခံရသူ တဦးသည်၊ ၎င်းအားစတင်ခန့်အပ်သည့်နေ့ရက်မှစ၍၊ သုံးနှစ်အတွင်းရာထူးတွင် အမြဲတန်းခန့်ထားခြင်း မခံရလျှင် ချင်းရေးရာဝန်ကြီးသည် ထိုသူအား ဆိုခဲ့သည့်အတိုင်း အရေးယူရမည်။

၈။ ။ (၁) နည်းဥပဒေ ၂၊ အပိုဒ်(က)အရ ခန့်ထားခြင်းခံရသူများကို ဝန်ထမ်းအဖွဲ့သို့ ခန့်ထားရန် စာမေးပွဲ တွင် ယှဉ်ပြိုင်ဖြေဆိုရာ၌ မိမိတို့ရရှိသည့် အမှတ်များရာအလိုက် ရာထူးဆူကြုံနိမ့်မြင့် စာရင်းတွင် စီစဉ် သတ်မှတ်ရမည်။

(၂) နည်းဥပဒေ ၂၊ အပိုဒ်(ခ) အရ ခန့်ထားခြင်းခံရသူများကို ဝင်ရောက်ဖြေဆိုသော အရည်အချင်းစစ်စာ မေးပွဲတွင် မိမိတို့ရရှိသည့် အမှတ်များရာအလိုက် ရာထူးဆူကြုံနိမ့်မြင့် စာရင်းတွင် စီစဉ်သတ်မှတ် ရမည်။

(၃) နည်းဥပဒေ ၂၊ အပိုဒ်(ခ) အရ ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ခန့်ထားခြင်းခံရသူကို ၎င်းအား ရာထူး တိုးမြှင့်ခန့်ထားသောနေ့ရက်တွင် တနှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးသည့် နည်းဥပဒေ ၂၊ အပိုဒ် (က)အရ ခန့်ထားခြင်းခံရသူ အားလုံး၏အပေါ်တွင် ရာထူးဆူကြုံနိမ့်မြင့်စာရင်းတွင် စီစဉ်သတ်မှတ်ရ မည်။

၉။ ။ ဝန်ထမ်းအဖွဲ့ဝင်များ၏ လစာနှုန်းထားများမှာ ၎င်းတို့၏ရာထူးနှင့် အလားတူသည့်ရာထူးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားအတိုင်း ဖြစ်ရမည်။

၁၀။ ။ ဤဥပဒေများ စတင်အာဏာတည်ပြီးသည့် နောက်တွင် ခန့်ထားခြင်းခံရသော အစမ်းခန့်အရာရှိ များသည်၊ အစမ်းခန့်ကာလအတွင်း၌ သတ်မှတ်ထားသော လစာနှုန်းထားတွင် အနည်းဆုံးလစာကိုသာ ရရှိရမည်။ အစမ်းခန့်အရာရှိများကို အမြဲတန်းခန့်ထားသည့်အခါ၊ ထိုအရာရှိများ၏လစာကို ထိုလစာ နှုန်းထားတွင် ၎င်းတို့သာမန်အားဖြင့် ရောက်ရှိမည့်အဆင့်၌ သတ်မှတ်ရမည်။ သို့ရာတွင် ထိုသို့ ရရှိသည့် နှစ် တိုးလစာများအတွက် အစမ်းခန့်ကာလအတွင်း၌ မထုတ်ယူခဲ့ရသော လစာကျန်ငွေကို ထုတ်ယူခွင့် မပြုရ။

၁၁။ ။ သာမန်အားဖြင့် အရွေးအချယ်ခံအတန်းရာထူးများကို အရည်အချင်းနှင့်ပြည့်စုံသော အကြီးတန်း အရာရှိများကို ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ဖြည့်သွင်း၍၊ အထက်တန်းအုပ်ချုပ်ရေးရာထူးသို့ အရည်အ ချင်းနှင့်ပြည့်စုံသော အရွေးအချယ်ခံအတန်းအရာရှိကို ရာထူးတိုးမြှင့်ပေးရမည်။ ဤကိစ္စအလို့ငှါ ချင်းရေးရာဝန်ကြီးက ဖွဲ့စည်းထားသော ရာထူးတိုးမြှင့်ပေးရေးအဖွဲ့၏ ထောက်ခံချက်အရ ရာထူးတိုး မြှင့်ပေးခြင်းဖြင့် ဖြည့်သွင်းရမည်။

၁၂။ ။ (၁) ဤနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤနည်းဥပဒေများ စတင်အာဏာမတည်မီက ချင်းရေးရာဝန်ကြီးဌာန လက်အောက်တွင် တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ မြို့မဝန်ထောက်၊ ငွေတိုက်ဝန် ထောက်၊ နယ်ပိုင်ဝန်ထောက်၊ သို့တည်းမဟုတ် ထိုရာထူးများနှင့်အဆင့်အတန်းတူညီသော ရာထူးများ၌ ယာယီအမှုထမ်းအဖြစ် အမှုထမ်းရွက်ခဲ့သော အရာရှိများသည်၊ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံပါ က ချင်းရေးရာဝန်ကြီးသည်၊ ၎င်းတို့အား ဝန်ထမ်းအဖွဲ့တွင် ဤကိစ္စအလို့ငှါ ဖွဲ့စည်းထားသော ရာထူး တိုးတက်ပေးရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် အမြဲတန်းအရာရှိများအဖြစ် ခန့်ထားနိုင်သည်။

(က) အဆိုပါရာထူးများ၌ ယာယီအမှုထမ်းအဖြစ် သုံးနှစ်ထက်မနည်း အမှုထမ်းရွက်ပြီး ဖြစ်ရမည်။



Myanmar Law Information System (MLIS)

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် စာတွေ့နှင့်လက်တွေ့သင်တန်းကို ကြေနပ်ဘွယ် ဖြစ်လောက် အောင် ပြီးဆုံးသည်အထိ တက်ရောက်ပြီးဖြစ်ရမည်။

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့်ဌာနဆိုင်ရာ စာမေးပွဲများကို အောင်မြင်ရမည်။

(ဃ) မြေတိုင်းနှင့် မြေစာရင်းဘက်ဆိုင်ရာ စာမေးပွဲကို ဖြေဆိုရခြင်းမှ ကင်းလွတ်ခွင့်မရရှိလျှင်၊ ထိုစာမေး ပွဲကို အောင်မြင်ရမည်။

(င) လုပ်ရည်ကိုင်ရည်၊ အရည်အချင်း၊ အပြုအမူ၊ အကျင့်စာရိတ္တ အစရှိသည့် အချက်တို့ကို အထောက်အ ထားပြု၍ အမြဲတန်းခန့်အပ်ရန် သင့်လျော်ကြောင်း မိမိအား အထက်အရာရှိများက အစီရင်ခံ ထားပြီးဖြစ်ရ မည်။

(၂) ဤနည်းဥပဒေများ စတင်အာဏာတည်ပြီးသည့်နောက်တွင် ဝန်ထမ်းအဖွဲ့သို့ ခန့်ထားမည့်အရာရှိ များကို ဤနည်းဥပဒေများအရသာ ခန့်ထားရမည်။

၁၃။ ။ ချင်းရေးရာဝန်ကြီးသည်၊ ချင်းဝိသေသတိုင်းဝန်ထမ်း(အငယ်တန်း) အဖွဲ့ဝင်များအား၊ အကြီး တန်းသို့ရာထူး တိုးမြှင့်ပေးရေး ကိစ္စနှင့်စပ်လျဉ်း၍သော်၎င်း၊ လက်ရှိအကြီးတန်းရာထူးများတွင် ဆောင် ရွက်နေသူများအား အမြဲတန်းခန့်ထားရေးနှင့် စပ်လျဉ်း၍သော်၎င်း၊ အရွေးအချယ်ခံအတန်းနှင့် အထက် ရှိရာထူးသို့ တိုးမြှင့်ပေးရေး နှင့်စပ်လျဉ်း၍သော်၎င်း အကြံဉာဏ်ပေးနိုင်ရန်အလို့ငှါ၊ ရာထူးတိုးတက်ပေး ရေးအဖွဲ့တခုကိုဖြစ်စေ၊ အဖွဲ့များကိုဖြစ်စေ ဖွဲ့စည်းရမည့်ပြင် ထိုအဖွဲ့၏လုပ်ငန်း ဆောင်တာ စည်းကမ်း နည်းလမ်းများကိုလည်း သတ်မှတ်ရမည်။

၁၄။ ။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းချက်မပါရှိသော ကိစ္စရပ်များတွင် အလားတူ အဆင့်အတန်းရာ ထူး၌ ထမ်းရွက်နေကြသည့် ပြည်ထောင်စုနိုင်ငံတော် အစိုးရ၏ အရာရှိများအတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများသည်၊ သို့တည်းမဟုတ် နည်းဥပဒေများသည်၊ ယေဘုယျအားဖြင့် ဝန်ထမ်းအဖွဲ့ဝင် များနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

ချင်းရေးရာ ဝန်ကြီးဌာန

Myanmar Law Information System (MLIS)